# သာမန်ကာလ (၁၇) ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာတေဦး ၁၃း၄၄ - ၅၂

ယနေ့ ဖတ်ရတဲ့ ပထမကျမ်းထဲမှာ ဘုရားသခင်က ဆော်လမုန်မင်းကြီးကို လိုရာဆုကို တောင်းပါ။ ပေးမယ်လို့ မိန့်တော်မူတဲ့အခါ ဆော်လမုန်မင်းကြီးက ချမ်းသာကြွယ်ဝဖို့လည်း မတောင်းဘူး။ အသက်ရှည်ဖို့လည်း မတောင်းဘူး။ သူ့ရန်သူတွေကို အောင်နိုင်ဖို့လည်း မတောင်းဘူး။ ဆော်လမုန်မင်းကြီး တောင်းတာက ဉာဏ်ပညာ ပါ။ သူက ဘုရင်တစ်ပါးအနေနဲ့ ဘုရားသခင်ရဲ့လူမျိုးကို အုပ်ချုပ်နိုင်အောင်၊ စဉ်းစားဆင်ခြင် ဆုံးဖြတ်နိုင်အောင် ဉာဏ်ပညာကို တောင်းပါတယ်။ ဒါကြောင့် ဘုရားကလည်း ဒီတောင်းဆိုချက်ကို သဘောကျပြီး သူမတူတဲ့ ဉာဏ်ပညာကို ပေးတော်မူပါတယ်။

ဆော်လမုန်မင်းကြီးက ဘုရင်တစ်ပါးအနေနဲ့ သူ့အလုပ်သူ လုပ်နိုင်အောင် ဉာဏ်ပညာကို တောင်းတာပါ။ သူ့အလုပ်ကို လုပ်ပေးပါလို့ ဘုရားကို မတောင်းပါဘူး။ ဒါကြောင့် ဘာသာသူတို့လည်း သင့်ကို ဘုရားက လုပ်စေချင်တဲ့အလုပ်ကို သင်က ဘုရားကို မလုပ်ခိုင်းပါနဲ့။ "တပည့်တော်ရဲ့အလုပ်ကို ကိုယ်တော်လုပ်ပေးပါ" လို့ ဆုမတောင်းပါနဲ့။ ဒါဟာ ဘုရားအလိုတော် မဟုတ်ဘူး။ သင့်အလုပ်ကို သင်ကိုယ်တိုင်လုပ်ဖို့ ဘုရားက အလိုရှိပါတယ်။ ဆော်လမုန်မင်းကြီးလို ဘုရားခိုင်းတဲ့အလုပ်ကို လုပ်နိုင်ဖို့သာ ဉာဏ်ပညာကို တောင်းလျှောက်ပါ။

ဆော်လမုန်မင်းကြီးက အသက်ရှည်ဖို့၊ ချမ်းသာဖို့ မတောင်းပေမဲ့ ဆော်လမုန်မင်းကြီးက အသက်ရှည်တယ်၊ ချမ်းသာတယ်။ အရေးကြီးတာက ဘုရားတရားသာ အရင်ဦးစားပေး ရှာဖွေပါ။ နောက်မှ သင်လိုအပ်တာတွေကို ဘုရားက သင်မတောင်းပေမဲ့ ထပ်လောင်းပြီး ပေးပါလိမ့်မယ်။ ဒါကြောင့် ယေဇူးဘုရားရှင်က မာတေဦး ၆း ၃၃ မှာ "ဘုရားသခင်၏နိုင်ငံတော်နှင့် ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာ ရှာကြလော့။ ထိုအခါ သင်တို့အား ဤအရာအလုံးစုံကို ထပ်လောင်း၍ ပေးသနားတော်မူလိမ့်မည်" ။ အဲ့ဒီလို မဟုတ်ပဲ ဘုရားတရားရေးကို ဦးစားမပေးပဲ လောကရေးရာ အသက်ရှည် ချမ်းသာဖို့ပဲ ဦးစားပေး အာရုံစိုက်နေရင် သင် ချမ်းသာပေမဲ့ ထပ်လိုချင်နေအုံးမှာပဲ၊ မပျော်နိုင်ဘူး။ သင် အသက်ရှည်ရှည် နေရပေမဲ့ မကျေမနပ်ဖြစ်နေမှာပဲ။

ဒါကြောင့် ဆော်လမုန်မင်းကြီးက စဉ်းစားဆုံးဖြတ်နိုင်တဲ့ ဉာဏ်ပညာကို တောင်းတာပါ။ စစ်မှန်တဲ့ဉာဏ်ပညာက ဘုရားကို သိတယ်လေ။ တစ်ချို့က လောကပညာတွေ တတ်လို့သာ ဆရာဝန်ကြီးဖြစ်နေပေမဲ့ ဘယ်လောက် အ သလဲဆိုတော့ ဘုရားရှိမှန်းတောင် သူ မသိဘူး။ လောကမှာ ဘယ်လိုကျင့်ကြံနေထိုင်မှ အကောင်းဆုံးလဲဆိုတာ သူ မသိဘူး။ သေပြီးရင် ဘယ်ရောက်မလဲဆိုတာ သူ မသိဘူး။ တော်တော် သနားစရာကောင်းတဲ့ ပညာတတ်တွေပါပဲ။

ဘုရားပေးတဲ့ ဉာဏ်ပညာရှိသူက ဘုရား တည်ရှိမှန်း သိတယ်။ ဘယ်လိုကျင့်ကြံ နေထိုင်ရမလဲဆိုတာကိုလည်း ယေဇူးဘုရားရှင် ဟောကြားတဲ့တရား ကျမ်းစာထဲက လေ့လာပြီး ကျင့်ကြံတတ်တယ်။ သေပြီးရင် ဘယ်ရောက်မလဲဆိုတာကိုလည်း ယေဇူးဘုရားရှင်က ကိုယ်တိုင် သေရာမှပြန်ရှင်ပြပြီး ကောင်းကင်ဘုံတက်ကြွပြသွားလို့ သေချာပေါက် သိနေတယ်။ ဒါကြောင့် သူဟာ

လောကမှာ ရည်ရွယ်ချက်ရှိရှိ နေထိုင်နိုင်တယ်။ ဒုက္ခခံနိုင်တယ်။ ပြုံးပျော်နိုင်တယ်။ ဝမ်းသာအားရနဲ့ ရှင်သန်နိုင်တယ်။ တစ်နေ့ တန်ဖိုးမဖြတ်နိုင်တဲ့ ထာဝရအသက်ချမ်းသာကို ကောင်းကင်ဘုံမှာ ရလိမ့်မယ်ဆိုတာ သေချာပေါက်သိနေလို့ ဒီလောကမှာ အရာရာကို စွန့်လွှတ်နိုင်တာပေါ့။ အော် ဉာဏ်ရှိပါပေတယ်။

ယနေ့ကျမ်းစာမှာ ယေရှုဘုရားရှင် မိန့်တော်မူတဲ့ ဥပမာပုံပြင်ထဲမှာ လူတစ်ယောက်ဟာ သူများလယ်ကို အငှါးထွန်ရင်းနဲ့ လယ်ထဲမှာ ရွှေအိုးတစ်လုံး တွေ့ခဲ့တယ်။ ဒါနဲ့ သူက အဲဒီရွှေအိုးကို လယ်ထဲ ပြန်ဝှက်ထားခဲ့တယ်။ သူက ချက်ချင်း အိမ်ပြန်သွားပြီး ကိုယ့်မှာ ရှိသမျှအားလုံး အိမ်၊ မြေကွက်၊ ဥစ္စာ ပစ္စည်း အကုန်ရောင်းချပြီး ရတဲ့ငွေနဲ့ အဲ့ဒီလယ်ကွက်ကို ဝယ်လိုက်ပါတယ်။ ဒါနဲ့ လယ်ကွက်ထဲက ရွှေအိုးဟာ သူ့ ရွှေအိုး ဖြစ်သွားတာပေါ့။ တန်ဖိုးကြီးလှတဲ့ရွှေအိုးကို အပိုင်ရသွားပါတယ်။

ဘာသာသူတို့ ရွှေအိုးရှိတဲ့လယ်ကွက်ကို ဝယ်နိုင်ဖို့ ကိုယ့်မှာ ရှိသမျှကို ရောင်းချတာတောင် ဝမ်းသာအားရနဲ့ ရောင်းချတာ တဲ့။ ကျမ်းစာထဲမှာ သေချာပြန်ဖတ်ကြည့် "ထိုရတနာကို တွေ့သောသူသည် ၎င်းကို ပြန်လည်ဝှက်ထားပြီး *ဝမ်းသာအားရ*ဖြင့် သွားကာ မိမိ၌ရှိသမျှကို ရောင်းချ၍ ထိုလယ်မြေကို ဝယ်ယူလေ၏" ကိုယ့်နေတဲ့အိမ်၊ ကိုယ့် ရှိသမျှကို ရောင်းတာတောင်မှ ဝမ်းသာအားရနဲ့ ရောင်းတာနော်။ ဘေးပတ်ဝန်းကျင်ကလူတွေကတော့ ထင်မှာပဲ။ "ဒီလူ့မှာ အိမ်ရောင်းလိုက်လို့ နေစရာမရှိ၊ စားစရာမရှိ ဖြစ်သွားတာတောင် သူက ဘာဖြစ်လို့ ဝမ်းသာအားရ ဖြစ်နေတာပါလိမ့်" လို့ အံ့သြနေကြမှာပါပဲ။ တကယ့် ဉာဏ်ပညာရှိသူဆိုတာ အဲ့လို လူကို ခေါ်တာ။ တန်ဖိုးကြီးလှတဲ့အရာကို ရဖို့အတွက် ဘာမဆိုစွန့်လွှတ်ရဲတဲ့သူ ပါပဲ။ ဒါကြောင့် ကိုယ့်အိမ် ရောင်းတာ၊ ကိုယ့်ရှိသမျှကို စွန့်လွှတ်တာတွေမှာ သူက အားရဝမ်းသာနိုင်တာကိုး ။ ဘေးပတ်ဝန်းကျင်ကလူတွေက ဉာဏ်မရှိတော့ ဒီလူ ဘာ့လို့ ဝမ်းသာအားရဖြစ်နေတာလဲဆိုတာ မသိကြဘူး။ ဘယ်သိမလဲ ဉာဏ်မှ မရှိတာ။

သူတော်စင်ဘဝကို လျှောက်လှမ်းနေကြတဲ့ သီလရှင် စစ္စတဲရ်တွေရဲ့ ဘဝတွေကို ကြည့်မယ်ဆိုရင် သူတို့မှာ ပကာသန အလှအပကို စွန့်လွှတ်ကြတယ်။ အပြင်လောကကို မထွက်ပဲ ဆုတောင်းရင်းနဲ့ နေနေကြတယ်။ ဆင်းဆင်းရဲရဲနေကြတယ်။ မိဘမဲ့တွေ၊ လူနာတွေနဲ့အတူ နေနေကြတယ်။ ဒီလို အခက်အခဲတွေနဲ့ စွန့်လွှတ် အနစ်နာခံနေကြတာတောင် ဘာ့ကြောင့် ဝမ်းသာအားရနဲ့ နေနိုင်ကြတာလဲဆိုတာ ဘေးပတ်ဝန်းကျင်ရှိ လောကသားတွေက သိမှာ မဟုတ်ပါဘူး။ ဘယ်သိမလဲ၊ ဉာဏ်မှ မရှိတာ။

တန်ဖိုးမဖြတ်နိုင်တဲ့ ထာဝရအသက်ကို ကောင်းကင်ဘုံမှာ ရလိမ့်မယ်ဆိုတာ သေချာပေါက်သိလို့ အခု ခရစ်ယာန်တွေက ဒုက္ခအခက်အခဲကို ဝမ်းသာအားရနဲ့ ခံထမ်းနေတာပါပဲ။ ဒုက္ခအခက်အခဲကို ခံထမ်းတာတောင် ဝမ်းသာအားရနဲ့ ခံထမ်းတာဆိုတော့ လောကသားတွေက ဒါကို သိမှာ မဟုတ်ပါဘူး။ ဘယ်သိမလဲ၊ ဉာဏ်မှ မရှိတာ။

အခု ခရစ်ယာန်တွေက ကိုယ့်ကို ထိခိုက်ကျူးလွန်သူတွေကို ဝမ်းသာအားရနဲ့ ခွင့်လွှတ်နိုင်ကြတယ်။ ခွင့်လွှတ်တာတောင် ဝမ်းသာအားနဲ့ ခွင့်လွှတ်တာဆိုတော့ ဘာကြောင့် ခွင့်လွှတ်ရာမှာ ဝမ်းသာအားရနိုင်ကြတာလဲဆိုတာ လောကသားတွေက သိမှာ မဟုတ်ပါဘူး။

ဘယ်သိမလဲ ၊ ဉာဏ်မှ မရှိတာ။

ဘုရားပေးတဲ့ဉာဏ်ပညာနဲ့ မကောင်းမှုကို ရှောင်ပြီး ကောင်းမှုကို လုပ်နိုင်ကြဖို့က အခြေခံကျပါတယ်။ မကောင်းမှု အပြစ်ဒုစရိုက်တွေက ကိုယ့်ကို ဆိုးကျိုးတွေ ခံစားရစေတယ်။ ကောင်းမှု လုပ်ရပ်တွေက ကိုယ့်ကို ကောင်းကျိုးတွေ ခံစားရစေတယ်။ ဒါကြောင့် ကိုယ့်ကို ဆိုးကျိုးတွေပေးမည့် အပြစ်ဒုစရိုက်လုပ်ရပ်မှန်သမျှကို ဖယ်ထုတ်ပစ်ရမယ်။ ယနေ့ ယေဇူးဘုရားရှင် မိန့်တော်မူတဲ့ ပိုက်ကွန်၏ပုံဥပမာထဲမှာ မကောင်းတဲ့ငါးတွေကို အပြင်ဘက် လွှင့်ပစ်လိုက်ကြသလိုပေါ့။ ကိုယ့်စိတ်နှလုံးသားထဲမှာ ကောင်းတဲ့စိတ်ထားကိုသာမွေးမြူကြရမယ်။ ဒါကို ဉာဏ်ပညာရှိရှိ လုပ်နိုင်စေချင်တယ်။ မကောင်းမှန်းသိရဲ့သားနဲ့ ဆက်လုပ်နေတာဟာ ဉာဏ်ပညာမဲ့ရာရောက်ပါတယ်။

ယနေ့ ကျမ်းစာရဲ့နိဂုံးချုပ်မှာ ယေဇူးဘုရားရှင်က “ကောင်းကင်နိုင်ငံတော်၏ အကြောင်းအရာတို့ကို သင်ကြားတတ်မြောက်ပြီးသောကျမ်းတတ်ဆရာမည်သည်ကား မိမိ၏ဘဏ္ဍာတိုက်ထဲမှ ဥစ္စာပစ္စည်း အသစ်နဲ့အဟောင်းတို့ကို ထုတ်ဖော်ပြတတ်သောအိမ်ရှင်နှင့် တူသည် ” လို့ မိန့်တော်မူထားပါတယ်။ ယေဇူးဘုရားရှင် လက်ထက်တော်က တစ်ချို့ ဘာသာရေးခေါင်းဆောင်တွေဟာ ဓမ္မဟောင်းကျမ်းစာရဲ့ ဆိုလိုရင်းကိုလည်း နားမလည်၊ အခု ယေဇူးဘုရားရှင် ဟောပြောတဲ့ ဓမ္မသစ်ကျမ်းစာကိုလည်း မမြင်တတ် ဖြစ်နေပါတယ်။ ကျမ်းစာကို တကယ်တတ်ကျွမ်းသူက ဓမ္မဟောင်းကျမ်းစာရော ၊ ဓမ္မသစ်ကျမ်းစာတွေမှာပါတဲ့အတိုင်း ယုံကြည်နိုင်ပြီးတော့ ယုံကြည်တဲ့အတိုင်း ဘဝမှာ လက်တွေ့ကျင့်ကြံနေထိုင်တဲ့သူ ဖြစ်ပါတယ်။ အဲ့ဒီလို ကျမ်းစာရဲ့လမ်းညွှန်ချက်အတိုင်း ၊ ဘုရားရဲ့တရားတော်အတိုင်း နေထိုင်အသက်ရှင်တာက အမှန်ဆုံးပဲဆိုတာ သိနားလည်သူဟာ ဉာဏ်ပညာ အရှိဆုံးသူပဲ ဖြစ်ပါတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။